# ဒွတ္တိံသာကာရပါဠိ

ကေသာ လောမာ နခါ ဒန္တာ တစော၊
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊
ဟဒယံ ယကနံ ကိလောမကံ ပိဟကံ ပပ္ဖာသံ။
အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ။
ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊
အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တံ။
မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊
မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊
မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ အန္တဂုဏံ အန္တံ၊
ပပ္ဖာသံ ဝိဟကံ ကိလောမကံ ယကနံ ဟဒယံ၊
ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရုမံသံ၊
တစော ဒန္တာ နခါ လောမာ ကေသာ။

## (အနုလုံ)

ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား၊ အရေ၊
အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညို့။
နှလုံး၊ အသည်း၊ အမြှေး၊ အပြင်၊ အဆုတ်။
အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။
သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။
မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်။

## (ပဋိလုံ)

ကျင်ငယ်၊ အစေး၊ နှပ်၊ တံတွေး၊ ဆီကြည်၊ မျက်ရည်။
အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။
ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ။
အဆုတ်၊ အပြင်၊ အမြှေး၊ အသည်း၊ နှလုံး။
အညို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား။
အရေ၊ သွား၊ လက်သည်း၊ ခြေသည်း၊ အမွေး၊ ဆံပင်။

ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံ့ဖွယ်လွှမ်းထ
ဤကာယ၌
ကေသာ–အဆင်းမည်းဖြူ ချိန်တူ သဏ္ဌာန် ချက်ဌာန်ဥပရိ
ဦးမှာရှိသား ဒွိပရိစ္ဆေ နှစ်ကုဋ္ဋေ ငါးသန်း ဂဏန်းများဖြင့် ဆံပင်အစု
တို့သည် အတ္ထိသံဝိဇ္ဇတိ–ထင်ရှားပုံသေရှိတုံချေ၏တကား။

ဣမသို့ကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
လောမာ–စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့ အောက်ထက်
ကိုယ်ရည် အနံ့နေသော တွက်ရေကိုးသောင်း ကိုးထောင်ပေါင်းဟု
မွေး ညှင်းအစုတို့သည် အတ္ထိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသို့ကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
နခါ–ဖြူရောင်အဆင်း ငါးကြင်းကြေးနှယ် နှစ်ဆယ်သော
လက်သည်း,ခြေသည်းတို့သည်
အတ္ထိသံဝိဇ္ဇတိ–ထင်ရှားပုံသေရှိတုံ ချေ၏တကား။
ဣမသို့ကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌–
ဒန္တာ –အလယ်လေးစုံ ဗူးစေ့ပုံသို့ ပန်းငုံတို့ဖြင့် ထို့ပြင်ယာဉ်
ထောက်ခွ ဒွေတြဖျားမြစ် လေးမြစ်လေးဖျား နှစ်ပါးစီပေါင်း နှစ်ချောင်း
စွန်းကယ် သုံးဆယ်သောသွားအစုတို့သည် အတ္ထိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသို့ကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
တစော–ကိုယ်လုံးပတ်ခြုံ ကိုယ့်ပုံဟန်တူ အဆင်းဖြူသော
အရေထူအစုတို့သည်အတ္ထိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသို့ကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
မံသံ–အဆင်းနီရင့် ကသစ်ပွင့်ဟန် သဏ္ဍာန် ထွေလာ
ကိုးရာသောအသားအစုတို့သည် အတ္ထိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသို့ကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ

ဤကာယဠ်-
နှာရ-အဆင်းဖြူစွာ လည်ဂီဝါမှ ဝဲယာရှေ့,နောက် ရှေ့,နောက်
ခြေလက် ငါးစီသက်၍ တွယ် ခက်ရစ်ရုံ ခတ္တာငုံလို ကိုယ်ကိုဆောင်
တွယ် ခြောက်ဆယ်ကြောမှ စသည်များစွာ ကွန်ယက်ဖြာသို့ ကိုးရာ
သောအကြောအစုသည် အတ္တိသံဝိဇ္ဇတိ-
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ်
အဋ္ဌိ-အဆင်းဖြူစွာ နှာနှလုံးဦး နဖူးတစ်ပါး မျက် နား မေးရိုး
ညှပ်ရိုး ပခုံး လက်ရုံး ပေါင် ခါး ဒူးအားခြေနောက် ရောက်သည့်နှစ်
ချက် ဖမျက်မြင်းခေါင်း မောင်းဖျားလေးမည် လည်ခုနှစ်ရိုး ခေါင်းခွံ
ကိုးတည်း ရင်ရိုးစုဒ္ဒသ် ဌာရသ် ကျောက်မှန် နံနှစ်ဆဲ့လေး ခြောက်ဆဲ့
လေးထွေ လက်ခြေရိုးနု သုံးရာသောအရိုးစုသည် အတ္တိသံဝိဇ္ဇတိ-
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင်မစင်ပြည့်မွှမ်း ရွံဖွယ် လွှမ်းထ
ဤကာယဠ်
အဋ္ဌိမိဉ္ဇံ -ဖြူသောအဆင်း ဝါးဆစ်တွင်း၌ မီး သင်းပျောင်းညှံ့
ကြိမ်ညွှန့်တူပြီ ခြင်ဆီအစုသည် အတ္တိသံဝိဇ္ဇတိ-
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ်-
ဝက္ကံ-ကသစ်စေ့နှယ် စဉ်းငယ်နီမှု တန္တုတည္ဟာ နှစ်မွှာသရက်
လည်မှထွက်သည် အချက် နှစ်ခု ကြောဖွဲ့ပြုလျှက် ဝတ္ထုပတ်လည်
ရံ၍တည်သောအညှို့နှစ်ခု ကျောက်ကပ်အစုသည်
အတ္တိသံဝိဇ္ဇတိ -ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ်-
ဟဒယံ -ဆင်းရွက်ပဒုံ ကျောပြင်ပုံတည်း ကြာငုံအောက်ရှု့
ဉာဏ်ရှိသူဝယ် စဉ်းငယ်ပွင့်တုံ စုငုံမန္ဒ အပသန့်ရှင်း
တွင်းသပွတ်အူနှစ်ဆူဓာတ်မှီ နီသည်ရာဂ ဒေါသမည်းငြား

သားဆေးရည်မောဟတက္ကပဲရည် ဝါသည်သဒ္ဓါ ပညာပြိုးပြက်
ဇောတမျက်သွင် ဖြူစင်လွန်ကဲ လက်ဆွံခွဲမှု လောဟိတသည်
ပုန္နာဂဠ္ဌိ တွင်းမှာရှိလတ်သား မြတ်လယ်ဗွေ ရင်မှာနေသော
နှလုံးသားသည်အတအတ္တိသံဝိဇ္ဇတိ –
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ္ဌိ–
ယကနံ–ကုမုဒြာကြာချပ်ကျောက်နှယ် စဉ်းငယ်နီလျှက်
ကသစ်ရွက်သဏ္ဍာန် ဉာဏ်မဲ့ကြီးကြီး တစ်ခုတည်းသာ
ပညာရှိဝယ် နှစ်သုံးငယ်လတ် ထနဗ္ဘန္တရေ ညာမှာနေသော
အသည်းအစုသည် အတ္တိသံဝိဇ္ဇတိ –
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ္ဌိ
ကိလောမကံ–ဆင်းဘွဲ့ဖြူသို့ နှလုံးညှို့ကို ဖုံးဆို့ကန့်နေ
အရေအသား အကြားမှာသည် နှစ်မည်သော ပဋိစ္ဆန္နာ, ပဋိစ္ဆန ိစ္ဆန္န
အမြှေးသည် အတ္တိသံဝိဇ္ဇတိ=
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ္ဌိ
ပိဟကံ–ကောင်ပန်းပွင်သွင် ညိုရောင်ထင်သော သတ္တကုံလာ
နွားလျှာပုံတု ဝတ္ထုဝဲဘက် သရက်ရွက်ဝမ်းလျှာ
ဘေသညာတွင်သောအပြင်(အဖျင်း)အစုသည်
အတ္တိသံဝိဇ္ဇတ ိ–ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယဠ္ဌိ
ပမ္ဖာသံ–ရွှမ်းမည့်သဖန်း နီမြန်းဆင်းဟန် သဏ္ဍာန်စုတ်ပဲ့
မုန့်ယှက်ကဲ့နှုန်း သည်းနှလုံးကို အုပ်ဖုံးတွဲရရွဲ
အစာနည်းက ထန်သည်းတေဇာ ပူလောင်လာ၍ ဩဇာမကပ် နွားဝါးဖတ်နှယ်
သုံးဆယ်နှင့်နှစ် အသားတစ်ဟူသော အဆုပ်အစုသည်

အတ္ထိသံဝိဇ္ဇတိ–ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မှွမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
အန္တံ–ယောကျ်ားဒွတ္တိံ မိန်းမဒွေဝိ အတောင်ရှည်သား
ဖြူသည့်အဆင်းကတေအင်းသို့ သွေးကျင်းမှာခွေ ခေါင်းပြတ် မြွေသို့
လည်မျိုဝစ္စ ပဒေသဝယ် နှစ်ဆယ့်တတွန့်လိမ်တွန့် ရစ်နေသော
အူမအခွေအစုသည် အတ္ထိသံဝိဇ္ဇတ ိ–ထင်ရှားပုံသေ ရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
အန္တဂုဏံ–ကြာသိမ်မြစ်ဟန် ဆင်းသဏ္ဍာန်နေ အူမ,ခွေကို
နေရာတကျ မလျောရအောင် ဖွဲ့နှောင်လျှိုထိုး ချေသုတ်ကြိုးဝယ်
ကြိုးငယ်အလား မခြားတူပြီး အူကြားမှာတည်သော အူသိမ်အူနု
အူအစုသည် အတ္ထိသံဝိဇ္ဇတ ိ–ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌–
ဥဒရိယ ံ–စားသည့်အစာ သွင်လျာရူပ အူမထက်ဖျား
ဆန်ထုပ်လားသို့ ပကားသန့်ရှင်း တွင်းပိန္နဲခွံ ရွံဘွယ်ဘိခြင်း
တစီးတွင်းနှယ်သုံးဆယ့်နှစ်မျိုး ပိုးတို့နေရာ အူထုံးမှာဝယ်
လျှာရည်တံထွေး သွားမြွေးအာစေး ထိုထိုကြေးကို သိမ်းထွေးပေါင်းစု
ထောင်းထုဝါးချေမျိုလေဆင်းသက် ဓာတ်မီးချက်၍ ပရပွက်အူ
ကျိုက်ကျိုက်ဆူပွအမြှုပ်ထကာ ပိုးစာလောင်မီး ကျင်ကြီးကျင်ငယ်
တသွယ်သွေးသားငါးပါးကွဲလျက် ခွေးစားခွက်ဝယ် ထွေးယက်စွန့်လတ်
ခွေးအန်ဖတ်အတု အစာသစ်အစုသည် အတ္ထိသံဝိဇ္ဇတိ –
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
ကရီသံ–ယေဘုယျအား အစာလားတည့် အလျားရှစ်သစ်
ဝါးကျည်ဆစ်သို့ ချက်မြစ် ကျောက်ကုန်း အူအဆုံး၌ စားသုံးသမျှ
မွမွကျေ ညက် အူခေါင်းသက်၍လျောလျက်စုနေ ဖျော့ တော့သော
မြေညက်အထု အစာဟောင်းအစု သည်အတ္ထိသံဝိဇ္ဇတိ –

ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
မတ္ထလုင်္ဂံ-ဦးခွံထဲချောင် မှိုခဲလျှောင်သို့ ဆင်းရောင်ဖြူစွာ
ဦးချာလေးဆက် လေးပုံဝက်တည့် မုန့်ညက်စိုင်အတု
ဦးနှောက်အစုသည်အတ္ထိသံဝိဇ္ဇတ ိ-ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ =
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
ပိတ္တံ-ဆုတ်နှလုံးကြား အသည်းနား၌ ထွားထွားကြီးကြီး
သပွတ်သီးနှယ် အအိမ်ဝယ်တည် မယ်ဇယ်ဆီကဲ့
အိမ်ဖွဲ့သည်းခြေစိုလေရာရာ ရေမှာဆီဆမ်း ပမာလွှမ်းသား
ညှိုးနွမ်းပျဉ်းပွင့်ကစော့ပွင့်တောင်ကြာ ပန်းဆင်းဝါသို့
အိမ်မှာမနေ နှစ်ပါးသောဗဒ္ဓသည်းခြေ အဗဒ္ဓသည်းခြေအစုသည်
အတ္ထိသံဝိဇ္ဇတိ -ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
သေမှံ-ဝက်ချေးဘနဲ ပျစ်ချွဲရွှက်ရည် ပုံပမည်သို့
ဖြူသည်အဆင်း တခွက်ခင်းမျှ အူတွင်းစာထက် အနံ့သက်ကိုဆို့လျက်
ဖုံးပိတ်သော သလိပ်အစုသည် အတ္ထိသံဝိဇ္ဇတိ-
ထင်ရှားပုံသေ ရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
ပုဗ္ဗေါ-ဆူးငြှောင့်ခလုတ် အိုင်မန်းဟုတ်၍ သွေးပုပ်စုပျော်
ရွှက်ရော်အဆင်း သူသေတွင်းမှု ထမင်းချိုးရောင် ပုပ်ဟောင်နံညှီသော
ပြည်အစုသည် အတ္ထိသံဝိဇ္ဇတိ-ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
လောဟိတံ-ချိပ်ရည်အဆင်း တခွက်ခင်းမျှ ရင်တွင်းဆုတ်ညှို့
နှလုံးတို့ထက် တစက်စက်ကျ ယကနအောက်နေ ဤလေးထွေကို

စုံစေလျှက်စုဝေးသောသွေး ကျဲသောချိပ်ရည် ပမည်ပိုက်ကျုံး
ကိုယ်လုံးနှံ့ရောက် အကြောလျှောက်သော သွေးအားဖြင့်နှစ်ပါးသော
သန္တစိတ–သံသရဏ သွေးအစုသည် အတ္တိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
သေဒေါ–တော်ဝိပရီ ပူမညီ၍ နွမ်းဆီအဆင်း ဆံမွှေးတွင်းမှ
သက်ဆင်းယိုကျသော ချွေးအစု သည် အတ္တိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
မေဒေါ–ထက်ခြမ်းခွဲသည့် နနွင်းခဲအတူ ဆူသောသူအား
ရေသားကြား၌ ကြုံသူအားမှ ဆူရာရာမှီသော အဆီခဲအစုသည်
အတ္တိသံဝိဇ္ဇတိ–ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
အဿု–မီးခိုးမြူဝင် ရယ်ရွှင်ငိုကြွေး စပ်ပူရေးကြောင့်
ချွေးသို့အဆင်း မျက်စိတွင်းမှ သက်ဆင်းယိုကျသော မျက်ရည်အစုသည်
အတ္တိသံဝိဇ္ဇတိ–ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌–
ဝသာ–သဘောမတူ ရှိန်ပူဆာပြင်း နှိပ်စက် ခြင်းကြောင့်
အဆင်းအုန်းဆီ ရေပေါ်ဆီသဏ္ဍာန် ပြန့်ဟန်မသွေ လက်ခြေနှာစွန်း
ပခုံးစွန်းမှီ ဆီကြည်အစုသည် အတ္တိသံဝိဇ္ဇတိ–
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ –
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
ခေဠော–ချဉ်ငန်စပ်ခါး မြင်စားကြံမိ စိုစိစက်ဆုပ် နှလုံးလှုပ်၍
ရေမြှုပ်မယွင်း ပါးမှဆင်းလျှက် လျှာရင်းပျစ်ချွဲ လျှာဖျားကျဲသည်

လျှာ၌တည်သော တံတွေးသည် အတ္တိသံဝိဇ္ဇတိ-
ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
သိင်္ဃာဏိကာ-ငိုယိုသောက်စား ခေတ်ချောက်ချား၍
ဖောက်ထားသိမ်းအုပ် ကြာရွက်ထုပ်မှ နို့ခမ်းကျသို့
နှလှထန်းဆန် ဆင်းဟန်မယုတ် သလိပ်ပုပ်အဖြစ် စင်စင်ဖြစ်မြောက်
ဦးနှောက်ရည်လျှင်းဦးခေါင်းတွင်းမှ သက်ဆင်းအာစောက်
အထက်ပေါက်ဖြင့်လျှောလျှောက်နှာဖု တည်ယိုသောနှပ်အစုသည်
အတ္တိသံဝိဇ္ဇတိ-ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ =
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
လသိကာ-မဟာလေ့ကား စေးလားသဖွယ် ရာရှစ်ဆယ်ဆက်
အရိုးဆက်၌ ဆွတ်လျှက်တည်နဲ ပျစ်၍ချွဲသော အစေးပုတ်သည်
အတ္တိသံဝိဇ္ဇတိ-ထင်ရှားပုံသေရှိတုံချေ၏တကား။
ဣမသ္မိံကာယေ -
တွင်းပဝန်းကျင် မစင်ပြည့်မွှမ်း ရွံဖွယ်လွှမ်းထ
ဤကာယ၌
မုတ္တံ-ပဲပြာရည်ဆင်း ဆီးစတွင်း၌ သက် ဆင်းကိုယ်မှ
မရဝင်ပေါက် ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုသည်
အတ္တိသံဝိဇ္ဇတိ-ထင်ရှားပုံသေရှိတုံချေ၏တကား။
(ပရမတ္ထသရုပဘေဒနီကျမ်း)